★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၆၀/၂၀၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်။




"×××ကျမတို့အနေနဲ့လည်း နိုင်ငံရေးအကျဉ်းသားများအားလုံး အမြန်ဆုံး လွတ်မြောက်ရေး၊ ချွတ်ယွင်းချက်မရှိ လွတ်မြောက်ရေးဟာ အဓိက ဦးတည်ချက်တရပ်ဖြစ်ရမယ်ဆိုပြီးတော့ သံဓိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက် ဥပမာ ကျမတစ်ဦးတစ်ယောက် လွတ်လာလို့ ကျေနပ်စရာရယ်လို့ မဟုတ်ပါဘူး။ နိုင်ငံရေးအကျဉ်းသားများအားလုံး နိုင်ငံရေး အကျဉ်းကျများဆိုတာ ကျမတို့အဖွဲ့ဝင်များသာ မဟုတ်ပါဘူး။ တခြားနိုင်ငံရေး အဖွဲ့အစည်းများက အခြားနိုင်ငံရေး လှုပ်ရှားတဲ့သူများ အကျဉ်းကျနေတယ်ဆိုလို့ရှိရင် အားလုံးဟာ ချွတ်ယွင်းချက်မရှိ အမြန်ဆုံးလွတ်ဖို့ဆိုတာ ကျမတို့ ကြိုးစားရမယ့် ကိစ္စတခုဖြစ်ပါတယ်။ ကျမတို့ ဒီလို အနစ်အနာခံပြီးတော့ လုပ်ခဲ့တဲ့ရဲဘော်ရဲ ဘက်တွေရဲ့ မျက်နှာကို ထောက်ပြီးတော့ ဆက်ပြီးတော့ အများကြီးလုပ်ဖို့ လိုပါတယ်။ အရင်ကာလတွေထက် ပိုပြီးတော့ အလုပ်လုပ်ရမယ့် အချိန်ဆိုတာ ကျမတို့ရဲ့အဖွဲ့ဝင်တွေကို နားလည်စေချင်ပါတယ်။ အခွင့်အရေး မရလို့လုပ် လို့မရလို့ မလုပ်ဘူး ဆိုပြီးတော့ ထိုင်နေတဲ့လူတွေ အခုတော့ ဆင်ခြေပေးလို့ မရတော့ဘူးနော်။ အလုပ်ကလေးကနည်းနည်းလုပ်လာနိုင်ပြီ ဆိုလို့ရှိရင် လုပ်ရပါလိမ့်မယ်×××"

***(၂၀၀၂ခုနှစ်၊ မေလ (၂၇)ရက်နေ့၊ ရွေးကောက်ပွဲ (၁၂)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် ပြောကြားသော မိန့်ခွန်းမှ)***

**ဒေါ်အောင်ဆန်းစုကြည်**
**နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင် (၄)နှစ်(၅)လနဲ့(၂၁)ရက်ရှိသွားပါပြီ။**

## ယနေ့ သတင်းများ


**၁။ မြစ်ကြီးနားအဖွဲ့ချုပ်ဝင် (၃) ဦးနဲ့ ရခိုင်ပြည်နယ်ဂွမြို့မှ (၁)ဦး ပြန်လွတ်လာ**

**၂။ မန္တလေး အဖွဲ့ချုပ်ဝင် ကိုရွှေမောင် အဖမ်းခံရပြီးကျန် (၂) ဦး ပျောက်ဆုံးနေ**

**၃။ ပုသိမ်က ကိုပြည့်ဖြိုးအောင် အပါအဝင် ဂျီတီစီ ကျောင်းသား (၁၂) ဦးကို အင်းစိန်ထောင်တွင် ဖမ်းဆီးထိန်းသိမ်းထား**

**၄။ ပြန်လွတ်လာသူတွေအပြောအရ အားလုံး ရိုက်နှက်ခံရ**

**၅။ ကိုယ်ဝန်(၇)လဖြင့် မသန္တာနွယ်ဦးကို ကျိုက္ကဆံ စစ်ကြောရေးစခန်းသို့ခေါ်သွား**

**၆။ ကိုကျော်သူတို့ သုံးဦးကို နာရေးအသင်းက အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ထုတ်ပယ်ခြင်းဖြစ်**

**၇။ မိခင်အပါအဝင် တမိသားစုလုံးဖမ်းဆီခံလိုက်ရသည့် ကိုညီညီနဲ့ အင်တာဗျူး**

**၈။ တနိုင်ငံလုံးမှာ အဖမ်းခံရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် (၂၇၆)ဦးရှိ**

**၉။ ညမထွက်ရအမိန့် မြန်မာစစ်အစိုးရ ပြန်ရုတ်သိမ်း၊ ပုံမှန်အခြေအနေ ပြန်ရောက်ဟုတော့ မဆိုနိုင်သေး**

**၁၀။ စကော်ပူနဲ့ အဆက်အသွယ်ရှိတဲ့ ကုမ္ပဏီ(၃)ခု နောက်ဆုံးအရေးယူမှုမှာပါဝင်**

**၁၁။ နအဖ မီဒီယာများမှ ဖောက်ခွဲရေးပစ္စည်းပိုင်ရှင်အဖြစ် စွပ်စွဲထားသည့် နန်းဦးကျောင်းဆရာတော် ဦးကောဝိဒ ထိုင်း–မြန်မာနယ်စပ်သို့ ရောက်ရှိ**


## မြစ်ကြီးနားအဖွဲ့ချုပ်ဝင် (၃) ဦးနဲ့ ရခိုင်ပြည်နယ်ဂွမြို့မှ (၁)ဦး ပြန်လွတ်လာ

***ဒီဗွီဘီ၊ ၂၀ အောက်တိုဘာလ၊၂၀၀၇***

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အဖွဲ့ချုပ်ဝင် (၃)ဦးနဲ့ ရခိုင်ပြည်နယ် ဂွမြို့မှ အဖွဲ့ချုပ်ဥက္ကဋ္ဌကို အချုပ်ထောင်အသီးသီးကနေ အာဏာပိုင်တွေက ပြန်လွှတ်ပေးလိုက်ပါတယ်။

ပြန်လွတ်လာသူ မြစ်ကြီးနားအဖွဲ့ချုပ်ဝင် (၃) ဦးကတော့ စည်းအဖွဲ့ဝင် ဒေါ်ငွေကြိုင်၊ စည်းအဖွဲ့ဝင် ဦးလှမြင့်နဲ့ မြို့နယ်အဖွဲ့ချုပ်ဝင် ဦးညွန့်လှိုင်တို့ ဖြစ်ပါတယ်။ နောက်တဦးကတော့ အသက် (၈၂)နှစ်ရှိ ရခိုင်ပြည်နယ် ဂွမြို့နယ်မှ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိန်ကျော် ဖြစ်ပြီး သံတွဲအချုပ်ထောင်ကနေ ပြန်လွှတ်ပေးလိုက်တာ ဖြစ်ပါတယ်။ အခု ပြန်လွတ်လာတဲ့ မြစ်ကြီးနားမြို့က စည်းအဖွဲ့ဝင် ဒေါ်ငွေကြိုင်ကို အခုလိုဆက်သွယ် မေးမြန်းထားပါတယ်။

အန်တီ ဘယ်တုန်းက ပြန်လွတ်လာတာလဲ။ "(၁၈) ရက်နေ့က ည ရှစ်နာရီခွဲ။ အိမ်ပြန်ရောက်တာ။" ဟုတ်ကဲ့ အန်တီ။ အဲဒီမှာ ဘယ်လိုနည်းနဲ့ ပြန်လွှတ်ပေးလိုက်တာလဲ။ "ဘယ်လိုနည်းနဲ့ ပြန်လွှတ်ပေးလိုက်တာလဲ ဆိုတော့ ဘယ်လို ပြောမလဲ။ ကျမက အဲဒီအချိန်မှာ ကျမလဲ နေမကောင်းဘူးလေ။ ကျမသွားကြည့်တာ နောက်ကျသွားတော့ ကျမက မတွေ့လိုက်ရဘူး။ ဟို သံဃာတွေကို လှည့်တာလေ။ အဲဒါ မတွေ့လိုက်ရကြတော့ ကျမလဲ အဲဒီအတိုင်းပဲပေါ့။ ပြောပြတာ။ ကျမလဲ အဲဒီအချိန်တုန်းက ဝမ်းကိုက်နေလို့။ နောက်ရက်ကျတော့လဲ မသွားနိုင်ဘူး ခေါင်းတွေမူးနဲ့ ထမင်းမစားနိုင်ဘူး။ အဲဒါတွေပဲ သူတို့ ပြောတာပေါ့။ မေးတော့ အဲဒီအတိုင်းပဲ ပြောပြလိုက်တာပါပဲလေ။" ဒါဆို အန်တီ ဖြေတဲ့အထဲမှာ အန်တီက မကြည့်လိုက်ရလို့ မမြင်လိုက်ရလို့ဆိုတဲ့ အဖြေကြောင့် အခုလို ပြန်လွှတ်လာတာပေါ့ အန်တီ။ "မပြောတတ်ဘူး ဘယ်လိုလဲမသိဘူး။ ဟို အမျိုးသားနှစ်ယောက်က သူတို့က ရေကပ်လိုက်တယ်ပေါ့။ သောက်ရေသန့် ကပ်တယ်ပေါ့လေ။ အဲဒါ သူတို့လဲ ပြန်လွှတ်လာပါတယ်။ တဦးပဲ ကျန်ခဲ့တာကိုး။ တဦးကလဲ

ဘာကြောင့် မလွှတ်သလဲဆိုတာကို ကျမတို့လဲ အဲဒီ မေးခွန်းကိုပဲ သိချင်နေတာ။ အမျိုးသားက သူတို့ခေါ်တုန်းက သုံးယောက်လေ။ ကျမရယ် အမျိုးသားနှစ်ယောက်ရယ် ပြန်လွှတ်တာ။ တယောက်ကျန်နေတယ်။ ဦးလှမြင့်တဲ့ တယောက်က။ တယောက်က ဦးညွန့်လှိုင်။" အန်တီ အန်တီတို့ကို ခေါ်သွားတာ ဘယ်နေ့တုန်းက ခေါ်သွားတာလဲ။" ကျမတို့ကို ခေါ်သွားတာ စက်တင်ဘာ (၂၅)ရက် ည (၁၂) နာရီခွဲ။" ဘယ်လိုမျိုးနဲ့ လာခေါ်သွားတာလဲ။ အန်တီ ပြန်ပြောပြလို့ရမလား။ "ဘယ်လိုမျိုးခေါ်သွားတာလဲဆိုတော့ ည (၁၂) နာရီခွဲကြီးလာနှိုးပြီးတော့ မေးစရာရှိလို့ပါဆိုပြီး ခဏမေးစရာရှိလို့ပါဆိုပြီး ခေါ်သွားတာပဲလေ။ သူတို့တွေ ခေါ်ရင်က အဲလိုပဲ ခေါ်လေ့ ခေါ်ထရှိတာကိုး။ ဦးနေဝင်းရယ် ဦးလှမြင့်ရယ် ဦးညွန့်လှိုင်ရယ်က ပါခဲ့ပြီ ကားပေါ်မှာ။" အဲဒါနဲ့ ဘယ်ကို ခေါ်သွားတာလဲ အန်တီ။ "ဝိုင်းမော်ကို ခေါ်သွားတာ။ ဝိုင်းမော်ကို ခေါ်သွားပြီးတော့ အောက်တိုဘာ (၅) ရက်နေ့ကျမှ ကျမတို့ကို ဒီဖက်ကမ်းကိုပြန်ခေါ်ခဲ့တာ။ ဝိုင်းမော်ဆိုတာက မြစ်ကြီးနားရဲ့ အရှေ့ဖက်ကမ်းလေ။ မြစ်ကြီးနားကို ပြန်ခေါ်ခဲ့ပြီးတော့ နေလယ်ပိုင်းတော့ အမှတ်(၂)မှာ ထားတယ်ပေ့ါ။ အမျိုးသား သုံးယောက်ကတော့ အမှတ် (၂)မှာပဲ ချုပ်ထားတယ်ပေ့ါ။ အမှတ် (၂)က အမျိုးသမီး အချုပ်ခန်း မရှိဘူးလေ။ ကျမကိုကျ အမှတ် (၁)ကို ပြန်ပို့လိုက်တာ။ ည (၁၀)နာရီ (၁၅)မှာ။" အဲဒီနောက်မှာရော ဘာတွေ ထပ်ဖြစ်သေးလဲ အန်တီ။ "အဲဒီနောက်မှာ အက်စ်အေက တခါလာစစ်သေးတယ်။ ဒီလိုပါပဲ မေးတာပါပဲ။ ဘာလုပ်လဲ ဘာညာပေ့ါလေ။ နဂို တုန်းက ဟိုဟာတွေရောပေ့ါ။ အဲဒါတွေ လျှောက်မေးတာပါပဲ။" ဝိုင်းမော်ကနေ အခု အန်တီ ဘယ်ကနေ ပြန်လွှတ်ပေးလိုက်တာပါလဲ။ "အခုမြစ်ကြီးနား အမှတ် (၁)စခန်းကနေ ပြန်လွှတ်ပေးလိုက်တာ။" အန်တီအဲဒီမှာ မြစ်ကြီးနား ထောင်မှာ ဘယ်သူတွေနဲ့ တွေ့ခဲ့ရလဲ။ "ဘယ်သူတွေနဲ့ ကြုံခဲ့ရလဲ ဆိုတော့ အဲဒီထဲမှာတော့ မူးယစ်တွေနဲ့ပဲ။ နိုင်ငံရေးသမားတော့ မရှိပါဘူး။" ဟုတ်ကဲ့ပါ။ ဒါဆို အန်တီ အန်တီတို့ကို ခေါ်သွားတာက လေးယောက်ပေ့ါနော်။ အမျိုးသားသုံးယောက် အမျိုးသမီးအန်တီတယောက်ဆိုရင် လေးယောက်ပေ့ါနော်။ အခုက သုံးယောက်ပဲ ပြန်လွှတ်လာတာပေ့ါ။ အဲဒီ ဦးနေဝင်းကျတော့ ဘာဖြစ်လို့လဲ အန်တီ။ "ကျမတို့ကဟာ ဦးနေဝင်းကော ဆိုတော့ မပါဘူးတဲ့။ ဘာဖြစ်လို့လဲ ဆိုတာတော့ သူတို့ မပြောဘူးလေ။"

အန်တီ အခုလိုပေ့ါ ဖြစ်ပျက်တဲ့အပေါ်ကို ဒီလိုမျိုး ဖမ်းဆီးမှုတွေကော အခုဖြစ်နေတဲ့ အပေါ်အား လုံးကိုပေ့ါလေ အန်တီအနေနဲ့တွေ့ကြုံခဲ့ရတာတွေပေ့ါ။ ဘယ်လိုပြောချင်လဲ အန်တီ။ "ဘယ်လို ပြောရမလဲ ကျမတို့က ဘာမှ ဟိုဟာလုပ်တာ မဟုတ်ဘဲနဲ့ ဒီအတိုင်းပဲလေ။ ကျမတို့က အန်အယ်လ်ဒီအဖွဲ့ဝင်ဆိုတာနဲ့ကို ပြစ်မှတ်တခုလို ထားနေတယ်ပေ့ါ။ အဲဒါကို ပြောတာ။ ဟိုမှာတော့ အက်စ်ပီက မေးတယ်လေ။ နောက်ဆုံးပေ့ါ 'ဒီကိစ္စကို ဘယ်လို မြင်လဲလို့။' ဟာကောင်းတာပေ့ါ ဒါကောင်းတဲ့ အလုပ်လုပ်တာပဲလို့" မြစ်ကြီးနား အချုပ်ဆောင်ကနေ အခုလ (၁၈)နေ့ညက ပြန်လွှတ်လာတဲ့ အဖွဲ့ချုပ်စည်းအဖွဲ့ဝင် ဒေါ်ငွေကြိုင်နဲ့ ဆက်သွယ်မေးမြန်းချက် ဖြစ်ပါတယ်။

အလားတူပဲ ဖမ်းဆီးထားတဲ့ သံဃာ (၁၀)ပါးထဲက (၇)ပါးကိုလဲ အဲဒီနေ့မှာပဲ ပြန်လွှတ်ပေးလိုက်တယ်လို့ ဒေါ်ငွေကြိုင်က ပြောပြခဲ့ပါတယ်။ ■

---

***ဓမ္မသည် အဓမ္မကို နိုင်မြဲ။ ***

***လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ***

---

## မန္တလေး အဖွဲ့ချုပ်ဝင် ကိုရွှေမောင် အဖမ်းခံရပြီးကျန် (၂) ဦး ပျောက်ဆုံးနေ

*ဒီဗွီဘီ၊ ၂၀ အောက်တိုဘာလ၊၂၀၀၇*

မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ဝင် ကိုရွှေမောင် အဖမ်းခံရပြီး ကျန် (၂)ဦး ပျောက်ဆုံးနေကြောင်း တိုင်းအဖွဲ့ချုပ်ဝင်တဦးက ဒီကနေ့ ပြောပါတယ်။

ပျောက်ဆုံးနေသူ (၂) ဦးဟာ မန္တလေး အနောက်မြောက်မြို့နယ် အဖွဲ့ချုပ်ဝင် ကိုကျော်စွာဦးနဲ့ အရှေ့တောင်မြို့နယ်အဖွဲ့ချုပ်ဝင် ကိုတိုးတို့ ဖြစ်ကြပါတယ်။ သူတို့ (၂) ဦးဟာ အခုလ (၁၅)ရက်နေ့က အဖွဲ့ချုပ်ရုံးကနေ ဆိုင်ကယ်နဲ့ ပြန်သွားခဲ့ပေမဲ့ အခုထိ အိမ်ပြန်မရောက်သေးဘူးလို့ သိရပါတယ်။

ကိုရွှေမောင်ကိုတော့ အဲဒီလို ရုံးကအပြန် မြစ်ငယ်တံတား ထိပ်ကနေ ဖမ်းဆီးခေါ်ဆောင်သွားတာ ဖြစ်တယ်လို့ အဆိုပါ တိုင်းအဖွဲ့ချုပ်ဝင်တဦးက ပြောပါတယ်။ ဘာကြောင့် ဖမ်းတယ် ဘယ်မှာ ဖမ်းထားတယ်ဆိုတာလဲ အာဏာပိုင်တွေက ဘာမှအကြောင်း မကြားသေးဘူးလို့ သိရပါတယ်။

အလားတူ ပြီးခဲ့တဲ့ စက်တင်ဘာလ (၂၆)ရက်နေ့က ဖမ်းဆီးသွားတဲ့ အရှေ့မြောက်မြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိန်လှအောင်လဲ မန္တလေး ထောင်မှာ ရှိနေတယ်လို့ သိရပါတယ်။ ဒါကြောင့် စက်တင်ဘာလကုန်ပိုင်းကစပြီး အခုချိန်ထိ မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တွေ ဖမ်းဆီးခံနေရတာ (၄၇)ဦး ရှိသွားပြီလို့ တိုင်းအဖွဲ့ချုပ်ဝင်တဦးက ဒီဗွီဘီကို ပြောပြသွားပါတယ်။■

---

## ပုသိမ်က ကိုပြည့်ဖြိုးအောင် အပါအဝင် ဂျီတီစီ ကျောင်းသား (၁၂) ဦးကို အင်းစိန်ထောင်တွင် ဖမ်းဆီးထိန်းသိမ်းထား

*ဒီဗွီဘီ၊ ၂၀ အောက်တိုဘာလ၊၂၀၀၇*

ဧရာဝတီတိုင်း ပုသိမ်မြို့မှာ နေထိုင်တဲ့ နည်းပညာကောလိပ် GTC ဘွဲ့ရလူငယ် ကိုပြည့်ဖြိုးအောင်ကို အာဏာပိုင်တွေက အင်းစိန်ထောင်မှာ ဖမ်းဆီးထားကြောင်း မိသားစုတွေက ဒီကနေ့ ပြောပါတယ်။

သူ့ကို ပြီးခဲ့တဲ့ စက်တင်ဘာလ (၁၅) ရက်နေ့ညက နေအိမ်မှာ လာရောက် ဖမ်းဆီးခေါ်ဆောင်သွားခဲ့တာဖြစ်ပြီး အခု (၁)လ ပြည့်တော့မှ အင်းစိန်ထောင်မှာ ဖမ်းဆီးထားတာ သိရတာလို့ မိသားစုတွေက ပြောပါတယ်။ ဒါပေမဲ့ သူ့ကို ဖမ်းဆီးသွားတဲ့ အာဏာပိုင်တွေက လာရောက်အကြောင်းကြားခဲ့တာမဟုတ်ပဲ အင်းစိန်ထောင်အတွင်းမှာ ကိုပြည့်ဖြိုးအောင်နဲ့ ကိုယ်တိုင်တွေ့ခဲ့ရသူက ပြောပြလို့ သိခဲ့ရတာလို့ မိသားစုနဲ့ နီးစပ်သူတဦးက အခုလို ပြောပြပါတယ်။ ဒသူတို့က ဒီကကျောင်းသား လေးတွေပေ့ါနော်။ သူတို့က စက်တင်ဘာ (၁၅)ရက်နေ့မှာ ဒီပြီးခဲ့တဲ့လ (၁၅)ရက်နေ့မှာ သူတို့အိမ်က လာဖမ်းသွားတာလေ။ ကောင်လေး နာမည်က ပြည့်ဖြိုးအောင်တဲ့ ဖမ်းသွားပြီးတော့ အင်းစိန်ထောင်ထဲထည့်ထားတယ်။ သူတို့မိဘတွေက စိတ်ပူနေတာပေ့ါနော်။ ပြည့်ဖြိုးအောင်က အခု ထောင်ထဲမှာ (၅) ဆောင် တိုက်သစ်မှာရှိတယ်။ ဒါပေမဲ့ သူ့ကို ကောင်းကောင်းမွန်မွန် ထားပါတယ်။ ကျန်းကျန်းမာမာရှိတယ်။ သူတို့ကို (၁၅) ရက်နေ့ကတည်းက စဖမ်းသွားတာ။ ဘာကြောင့်ဖမ်းသွားမှန်း၊ ဘယ်လိုအကြောင်းကြောင့်မှန်း ဘယ်လိုမှ မပြောဘူး။" ကိုပြည့်ဖြိုးအောင်ရဲ့ မိသားစုနဲ့နီးစပ်သူတဦး ပြောပြသွားတာဖြစ်ပါတယ်။ ဖမ်းသွားတဲ့ညမှာ ကိုပြည့်ဖြိုးအောင်နဲ့အတူ GTCဘွဲ့ရ

လူငယ် (၂၀) ဦးကိုလဲ အာဏာပိုင်တွေက နေအိမ်မှာ လာရောက် ဖမ်းဆီးသွားခဲ့တယ်လို့ အဆိုပါ နီးစပ်သူတဦးကပဲ အခုလို ဆက်ပြောပြပါတယ်။”

သူနဲ့အတူ ဘယ်သူတွေ ပါသွားသေးလဲဆိုတော့ နေလင်းအောင် (ပန်းတနော်)၊ အောင်ကို (ဘိုကလေး)၊ မျိုးမျိုး (ဘိုကလေး)၊ မောင်မောင်ဇံ (ပုသိမ်)၊ သီဟ (ဘိုကလေး)၊ အဲဒါ အားလုံးသူတို့က (၂၁) ယောက်လို့ ပြောတယ်ဗျ။ လူငယ်လေးတွေ လူငယ်လေးတွေ (၂၁)နှစ်ပဲ ရှိသေးတယ်။ အဲဒီ (၂၁) ယောက်က အကုန်လုံး အင်းစိန်ထောင်ထဲမှာပဲခင်ဗျ။ ဒါပေမဲ့ သူတို့ အထဲက ကျောင်းသားခေါင်းဆောင်ဆိုတဲ့ဟာ သီးသန့်ခွဲထားတယ်။ ကိုပြည့်ဖြိုးအောင်နဲ့အတူ ဘွဲ့ရ လူငယ်တွေဟာ ဝန်ထမ်းလုပ်ဖို့ နေပြည်တော်မှာ ဝန်ထမ်းလျှောက်လွှာသွားတင်ပြီး အိမ်ပြန်အရောက်မှာ အခုလို အဖမ်းခံရတာ ဖြစ်ပါတယ်လို့ မိသားစုတွေက ဒီဗွီဘီကို ပြောပြခဲ့ပါတယ်။■

## ပြန်လွှတ်လာသူတွေအပြောအရ အားလုံး ရိုက်နှက်ခံရ

*ဒီဗွီဘီ၊ ၂၀ အောက်တိုဘာလ၊၂၀၀၇*

အခုလ ပထမပတ်က ဖမ်းဆီးခံရတဲ့ ဒေါ်မေစန်းရီ မနေ့က ပြန်လွှတ်လာပြီး နှစ်ရှည် နိုင်ငံရေးအကျဉ်းသားကိုဘိုဘိုရဲ့ မိခင်ဒေါ် မြင့်မြင့်ကြည်ကိုလဲ အခုလ (၁၆)ရက်နေ့က အာဏာပိုင်တွေက ပြန်လွှတ်ပေးခဲ့ပါတယ်။

မိသားစုတွေအပြောအရ (၂) ဦးစလုံးဟာ ရိုက်နှက်ထားတဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြန်ရောက်လာတာလို့ သိရပါတယ်။ သူတို့ အပြောအရဆိုရင် စစ်ကြောရေးစခန်း (၃)မှာ နေထိုင်ခဲ့ရပြီး စသုံးလုံးနဲ့ ရဲအရာရှိတွေ ကိုယ်တိုင် အကြမ်းဖက် ရိုက်နှက်ခဲ့တာလို့ သိရပါတယ်။

ဒေါ်မေစန်းရီဆိုရင် ရိုက်နှက်မှု ဒဏ်ကြောင့် ကျန်းမာရေးအတော် စိုးရိမ်နေရတယ် ဆိုပါတယ်။ ဒေါ်မေစန်းရီဟာ မနေ့မနက်က အဖမ်းခံရတဲ့ မသက်သက်အောင်ရဲ့ ယောက်ခမ ဖြစ်ပါတယ်။

မသက်သက်အောင် ကိုလာဖမ်းစဉ်က မမိလို့ဆိုပြီး ယောက်ခမတော်စပ်တဲ့ ဒေါ်မေစန်းရီ၊ အမေတော်စပ်တဲ့ ဒေါ်စုစုကြည်တို့ကို ဖမ်းဆီးသွားတာ ဖြစ်ပါတယ်။ ပြန်လွှတ်လာတဲ့ ဒေါ်မေစန်းရီတောင် ရိုက်နှက်ထားတဲ့ ဒဏ်ရာတွေနဲ့ ပြန်ရောက်လာတာဖြစ်လို့ ဖမ်းဆီးခံနေရဆဲသူတွေအတွက် အထူးစိုးရိမ်နေကြောင်းလဲ မိသားစုတွေက ပြောပြပါတယ်။

## ကိုယ်ဝန်(၇)လဖြင့် မသန္တာဒွန်ယ်ဦးကို ကျိုက်ကဆံ စစ်ကြောရေးစခန်းသို့ခေါ်သွား

*ဒီဗွီဘီ၊ ၂၀ အောက်တိုဘာလ၊၂၀၀၇*

ငြိမ်းချမ်းစွာဆန္ဒပြမှုမှာပါဝင်မှုနဲ့ မှော်ဘီရဲတပ်ရင်း (၅) မှာ ဖမ်းဆီးခံထားရတဲ့ ကမာရွတ်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် မသန္တာဒွန်ယ်ဦးကို ကျိုက်ကဆံ စစ်ကြောရေးစခန်းကို မနေ့က ပြန်လည်ခေါ် ထုတ်သွားကြောင်း ရဲတပ်ရင်းနဲ့နီးစပ်သူတွေက ပြောပါတယ်။

ကိုယ်ဝန် (၇) လရှိနေတဲ့ မသန္တာဒွန်ယ်ဦးကို ပြန်လွှတ်မပေးသေးပဲ စစ်ကြောရေး စခန်းကို ပြန်ပို့လိုက်တဲ့အပေါ် မိသားစုတွေက အထူးစိုးရိမ်ပူပန်နေကြတယ်လို့လဲ မသန္တာဒွန်ယ်ဦးရဲ့သူငယ်ချင်းတဦးက ပြောပြသွားပါတယ်။ မသန္တာဒွန်ယ်ဦးကို စက်တင်ဘာ (၂၆) ရက်နေ့ ငြိမ်းချမ်းစွာဆန္ဒပြပွဲမှာ ပါဝင်ခဲ့မှုနဲ့ ဖမ်းဆီးသွားခဲ့တာ ဖြစ်ပါတယ်။■

## ကိုကျော်သူတို့ သုံးဦးကို နာရေးအသင်းက အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ထုတ်ပယ်ခြင်းဖြစ်

*ရေဝတီ ၊ ၂၀ အောက်တိုဘာလ၊၂၀၀၇*

ငြိမ်းချမ်းစွာ ဆန္ဒပြသံဃာများအား ရွှေတိဂုံဘုရားတွင် ဆွမ်းကပ်လှူသောကြောင့် အာဏာပိုင်များ၏ ဖမ်းဆီးခံခဲ့ရသည့် ရုပ်ရှင်သရုပ်ဆောင် ကိုကျော်သူနှင့် ဇနီးအပါအဝင် စာရေးဆရာမ သန်းမြင့်အောင်တို့ကို နာရေးကူညီမှုအသင်းမှ အကြာသေးခင်က အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ထုတ်ပယ်ခဲ့ကြောင်း သိရပါတယ်။

စက်တင်ဘာ(၂၅)ရက်နေ့က ပြုလုပ်သည့် အလုပ်အမှုဆောင် အစည်းအဝေးတွင် နာရေးကူညီမှုအသင်း ဥက္ကဌ ဦးအေးသန်းက အဆိုတင်သွင်း၍ ယင်းသို့ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါအမှုဆောင်အဖွဲ့နှင့် နီးစပ်သူ ရန်ကုန်မြို့ရှိ သတင်းထောက်တဦးက ပြောသည်။

“လူမှုရေး အဖွဲ့အစည်းအနေနဲ့ နိုင်ငံရေးနဲ့ ကင်းရှင်းမှု ရှိရမယ်ဆိုတဲ့ သဘောထားကို အသင်းဥက္ကဌ ဦးအေးသန်းကိုယ်တိုင်က တင်သွင်းပြီး အစည်းဝေးဆုံးဖြတ်ချက်အရ ထုတ်ပယ်ခဲ့တာပဲ၊ ခုလို ကိုကျော်သူတို့ ပြန်လွှတ်လာတော့မှ ကိုကျော်သူဆီကိုသွားပြီး ပြန်လုပ်စေချင်တဲ့ သဘောမျိုးတွေ ပြန်ပြောတယ်”ဟု အထက်ပါ သတင်းထောက်က ရေဝတီသို့ ပြောပါတယ်။

ယခုအခါ ကိုကျော်သူနှင့်ဇနီး ပြန်လည်လွှတ်မြောက်လာသည့် အတွက် အမှုဆောင် အစည်းဝေးဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ရန် စီစဉ်လျက်ရှိကြောင်း သိရပါတယ်။

ကိုကျော်သူတို့သုံးဦးအား အသင်းမှ ထုတ်ပယ်သည့်သတင်းကို ရေးသားဖော်ပြသော ရန်ကုန်မြို့ရှိ သတင်းဂျာနယ်တိုက်များသို့လည်း ထိုသတင်းကို ပြန်လည်ဖြေရှင်းပေးရန် နာရေးကူညီမှုအသင်းမှ ဖုန်းနှင့် ဆက်သွယ်ပြောကြားသည်ဟု ဂျာနယ်အယ်ဒီတာတဦးက ပြောပါတယ်။

နာရေးကူညီမှုအသင်းအား ရေဝတီမှ ဖုန်းဖြင့်ဆက်သွယ် မေးမြန်းရာတွင် အသင်း၏အဖွဲ့ဝင်များနှင့် ပတ်သက်သော ထုတ်ပယ်ခြင်းများကို နှစ်ပတ်လည် အစီးအဝေးတွင်သာ ပြုလုပ်လျက်ရှိပြီး အသင်းမှ ၎င်းအရေးပါသူ သုံးဦးအား ထုတ်ပယ်သည်ဆိုသော သတင်းမှာ မှားယွင်းကြောင်း နာရေးကူညီမှုအသင်းမှ အမည်မဖော်လိုသူ အမှုဆောင်တဦးက ပြောပါတယ်။

“နာရေးကူညီမှုအသင်း စဖြစ်လာခဲ့တာကလည်း ကိုကျော်သူတို့၊ စာရေးဆရာမသန်းမြင့်အောင်တို့က စပြီးလုပ်ခဲ့ကြတာ၊ခုချိန်ထိ သူတို့ရဲ့ ကူညီပံ့ပိုးမှုတွေနဲ့ အသင်းကရပ်တည်နေရတာ၊ ဒါကို သူတို့ကို ထုတ်ပယ်တယ်ဆိုတာမျိုးက အလုပ်သင့်ဘူး”ဟု ရန်ကုန်မြို့တွင် နေထိုင်သော နာရေးကူညီမှုအသင်းနှင့် နီးစပ်သူ အလှူရှင်တဦးက ပြောကြားခဲ့ပါတယ်။

ရွှေတဂုံဘုရား အရှေ့ဘက်မုခ်တွင် သံဃာတော်များကို ဆွမ်းကပ်လှူခြင်းနှင့် ပတ်သက်ပြီး စစ်အာဏာပိုင်များက ကိုကျော်သူတို့ကို ဖမ်းဆီးရန် လိုက်လံရှာဖွေနေ၍ ရှောင်တိမ်းနေရချိန်အတွင်း နာရေးကူညီမှုအသင်း အနေနှင့် ငွေကြေးအခက်အခဲများ ကြုံတွေ့နေရသည်ဟူသော သတင်းများလည်း ပျံ့နှံ့လျက်ရှိသော်လည်း နာရေးကူညီမှု အသင်းတွင် ငွေကြေးရေး အခက်အခဲမရှိနိုင်ကြောင်း ၎င်းအဖွဲ့အတွက် ရန်ပုံငွေကျပ် သိန်းနှစ်ထောင်ကျော်ခန့်ရှိကြောင်း ၎င်းအဖွဲ့နှင့် နီးစပ်သူတဦးကပြောသည်။

သုခကုသိုလ်ဖြစ်ဆေးခန်းကိုမူ ရန်ကုန်မြို့တွင်း ဆန္ဒပြပွဲများ ဖြစ်ပွားနေစဉ်တွင် ဆရာဝန်များ၏ သွားရေးလာရေးအခက်အခဲကြောင့် ဆေးခန်းပိတ်ထားခဲ့ရပြီး နိုဝင်ဘာလ (၁)ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း နာရေးကူညီမှုအသင်းမှဦးရွှေထိုက်က ရေဝတီသို့ ပြောသည်။

ယခုနှစ် မတ်လ(၂)ရက်နေ့က ရန်ကုန်တိုင်း သဃ်ာန်းကျွန်း မြို့နယ်တွင် “သုခ ကုသိုလ်ဖြစ်ဆေးခန်း”ကိုနာရေးကူညီမှု အသင်းက ဖွင့်လှစ်လိုက်ပြီး ဆင်းရဲနွမ်းပါးသူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု ပေးလျှက်ရှိပါတယ်။

နာရေးကူညီမှုအသင်းသည်(၂၀၀၁)ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့အထိ နာရေးကိစ္စပေါင်း(၆)သောင်းခန့် အခမဲ့ ကူညီပေးနိုင်ခဲ့သည်ဟု သိရပါတယ်။

(၂၀၀၆) ခုနှစ် ဩဂုတ်လအတွင်းက (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင်များ ဦးဆောင်ကျင်းပသည့်(၁၈)နှစ်မြောက် (၈)လေးလုံး အရေးတော်ပုံ နှစ်ပတ်လည် အခမ်းအနားသို့ နာရေးကူညီမှုအသင်းမှ ကိုကျော်သူနှင့် စာရေးဆရာမ သန်းမြင့်အောင်တို့ တက်ရောက်ခဲ့သည့်နောက်ပိုင်း နာရေးကူညီမှုအသင်း၏ လှုပ်ရှားမှုများကို အစိုးရသတင်းစာများက ထည့်သွင်းဖော်ပြခြင်း မပြုသည့်အပြင် အာဏာပိုင်များက အနှောင့်အယှက်များပေးခဲ့ပါတယ်။■

# မိခင်အပါအဝင် တမိသားစုလုံးဖမ်းဆီးခံလိုက်ရသည့် ကိုညီညီနဲ့ အင်တာဗျူး

*ဒီဗွီဘီ၊ ၂၀ အောက်တိုဘာလ၊၂၀၀၇*

မိသားစုလိုက် အဖမ်းဆီးခံရ ဒီမိုကရေစီရေးလှုပ်ရှားသူတွေ ငြိမ်းချမ်းစွာဆန္ဒပြသူတွေကို ရှာဖွေဖမ်းဆီးနေတာ တွေ့ရပ်ဆိုင်းဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက တောင်းဆိုထားချိန်မှာပဲ မြန်မာစစ်အစိုးရက ဖမ်းဆီးမှုတွေ ဆက်လက်လုပ်ဆောင်နေပါတယ်။

အဲဒီလို ဖမ်းဆီးမှုတွေထဲက မနေ့ မနက် အစောပိုင်းက မိသားစုဆွေမျိုးအလိုက် အဖမ်းခံရတဲ့ သတင်းတပုဒ်တင်ပြလိုပါတယ်။ ဖမ်းဆီးခံခဲ့ရသူတွေကတော့ တာမွေလေးရပ်ကွက် ဒဂုံလွင်လမ်းနေ ဒေါ်စမ်းစမ်းတင်ရဲ့ မိသားစုဝင်တွေဖြစ်ပါတယ်။ ဒေါ်စမ်းစမ်းတင်နဲ့အတူ အဖမ်းခံခဲ့ရသူတွေကတော့ တူမတွေဖြစ်တဲ့ မသက်သက်အောင်နဲ့ မနိုးနိုးတို့ဖြစ်ပါတယ်။ သူတို့နဲ့အတူနေအိမ်မှာ ခေတ္တရောက်ရှိနေတဲ့ ကိုကိုကြီးနဲ့ ကိုကျော်စွာတို့ (၅) ဦးဖြစ်ပါတယ်။ မျက်မြင်တွေ့အပြောအရဆိုရင် ပုံမှန်ညွှေ့စာရင်းစစ်ဖမ်းဆီးတဲ့ပုံမျိုးမဟုတ်ပဲ စစ်တပ်နဲ့ကို အတင်းဝင်ရောက် ဖမ်းဆီးသွားတယ်ဆိုပါတယ်။ ဖမ်းဆီးခံလိုက်ရတဲ့ ဒေါ်စမ်းစမ်းတင်မိသားစုဟာ (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်နဲ့ ရင်းနှီးသူတွေလဲဖြစ်ပါတယ်။ အဲဒီအတွက်အခုလို ဖမ်းဆီးသွားတာ ဖြစ်နိုင်တယ်လို့ အနီးအနားနေ ပြည်သူတွေက ပြောပါတယ်။ ဒီကနေ့ အဖမ်းခံရတဲ့အထဲမှာပါဝင်တဲ့ မသက်သက်အောင်ရဲ့ မိခင် ဒေါ်စုစုကြည်ဆိုရင်လဲ သမီးကို မမိရင် အမေကိုဖမ်းတယ်ဆိုပြီး အခုလ (၂) ရက်နေ့ကတည်းက ဖမ်းဆီးခံခဲ့ရပါတယ်။ မသက်သက်အောင်ရဲ့ ခင်ပွန်းသည် ကိုချစ်ကိုလင်းကိုလဲ အာဏာပိုင်တွေက ဖမ်းဆီးထားပါတယ်။ ဒီကနေ့ အဖမ်းခံရတဲ့အထဲမှာပါတဲ့ မနိုးနိုးရဲ့မောင် ကိုထွန်းနေအောင်ဆိုရင်လဲ ဩဂုတ်လ နောက်ဆုံးရက်ကတည်းက ဖမ်းဆီးခံထားရပါတယ်။ အဲဒီအတွက် ဒေါ်စမ်းစမ်းတင်ရဲ့ ဆွေမျိုးသားချင်း အားလုံးနီးပါးကို အာဏာပိုင်တွေက ဖမ်းဆီးထားတယ်လို့ ပြောရမှာပါ။

အခုလို ဒေါ်စမ်းစမ်းတင်နဲ့ ဆွေမျိုးသားချင်းတွေ အဖမ်းဆီးခံရတဲ့အပေါ် အမေရိကန်မှာနေထိုင်တဲ့ သားဖြစ်သူ (၈၈)မျိုးဆက် ကျောင်းသား တဦးဖြစ်တဲ့ ကိုညီညီကို ဆက်သွယ်မေးမြန်းထားပါတယ်။

ဟုတ်ကဲ့ ကျနော်တို့ သိသလောက် ကိုညီညီရဲ့ မိခင်နဲ့ ကိုညီညီ ညီမတွေ အဖမ်းခံရတယ်ကြားတယ်ပေ့ါလေ။ ကိုညီညီရော ဘယ်လိုမျိုး ကြားလဲခင်ဗျ။ “ကျနော်လဲ အဲလိုပဲကြားတယ်။ ည (၁)နာရီအချိန်မှာ ကျနော့်မိခင်နဲ့ ကျနော့် ညီမနှစ်ယောက် ပြီးတော့ ကျနော့်သူငယ်ချင်းနှစ်ယောက် အားလုံးပေါင်း ငါးယောက်ပေ့ါ။ စစ်တပ်က ညသန်းကောင်ယံအချိန်မှာ အိမ်ထဲကို အတင်း ဝင်ရောက်ပြီးတော့ ဖမ်းဆီးသွားတယ်လို့ သိရပါတယ်။”

ကျနော်တို့ သိသလောက် ဘယ်လိုခေါ်မလဲ ပုံမှန်ဖမ်းသလို ညွှေ့စာရင်းစစ်မယ် သန်းကောင် စာရင်းစစ်မယ် စသဖြင့် ပုံစံမျိုး မဟုတ်ပဲနဲ့ တကယ့် ငွေကြာယံ ဘုန်းကြီးကျောင်းတွေကို ဝင်စီးသလိုမျိုး ဝင်စီးတယ်လို့ကို ကြားရပါတယ်။ ကိုညီညီရော အဲလိုကြားမိလားခင်ဗျ။

“ဟုတ်ပါတယ်ခင်ဗျ။ အဲဒါမှန်ပါတယ်။ သူတို့တွေက သန်းကောင်စာရင်းစစ်တဲ့ ပုံစံလဲမရှိဘူး။ ပြီးရင် ရပ်ကွက်ကလာပြီးတော့ မေးမြန်းတဲ့ ပုံစံလဲမရှိဘူး။ ဖမ်းဝရမ်းလဲ မရှိဘူး။ ဘာကြောင့် လာရပါတယ်ဆိုတဲ့ အကြောင်းပြချက်လဲ မရှိပဲနဲ့ စစ်တပ်က အတင်းဝင်ရောက်တယ်ဆိုတဲ့ ပုံစံမျိုးလို့ ကြားရပါတယ်။”

ဟုတ်ကဲ့ အခုလိုမျိုးပေ့ါ ဘာ ကြောင့် အဲလိုမျိုးဝင်စီးတဲ့ ပုံစံမျိုး ဖမ်းတယ်။ ဘာကြောင့် ကိုညီညီရဲ့ မိသားစုတွေကို လာပြီးဖမ်းတယ်လို့ ရော ကိုညီညီ ထင်လဲခင်ဗျ။ ဘယ်လို ယူဆလဲ။

“ကျနော်ထင်တာကတော့ (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်က ကျနော့်ရဲ့မိသားစုတွေနဲ့ ရင်းနှီးမှုရှိတယ်။ သူ အဝင်အထွက်ရှိခဲ့တယ်။ အဲဒီအခြေခံပေါ်မှာ သူတို့တွေ ရှင်းရှင်း ပြောရရင် မျက်မုန်းကျိုးပြီးတော့ နို့မို့ရှိရင်လဲ သူတို့တွေ အနေနဲ့ သက်သက်မဲ့ စွပ်စွဲချက်တွေ ထားပြီးတော့ ဖမ်းဆီးတယ်လို့ပဲ ကျနော်ကတော့မြင်တယ်။ နအဖ လက်ရှိ ဖမ်းဆီးနေတဲ့ ပုံစံကတော့ ရှင်းရှင်းပြောရရင် ထောင်ထဲမှာ ရှိနေတဲ့ သူတွေရဲ့ မိခင်တွေ အသိုင်းအဝိုင်းတွေကိုလဲ ဖမ်းဆီးတယ်။ လက်ရှိတိုင်းပြည်နဲ့ နိုင်ငံ့ပြဿနာတွေကို ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းချင်နေတဲ့ ပတ်ဝန်းကျင်ရော လူတွေရောကို ဖမ်းဆီးနေတယ်လို့ပဲ ကျနော်ကတော့ မြင်ပါတယ်။”

အခုဖမ်းတော့ ကိုညီညီသိသလောက် မိခင်ရဲ့ ကျန်းမာရေး၊ ညီမတွေရဲ့ ကျန်းမာရေး ဘယ်လိုမျိုး သိထားတာရှိလဲခင်ဗျ။

“ကျနော့်ရဲ့ မိခင် ကျန်းမာရေးအခြေအနေက အစာအိမ်ရောဂါရှိထားတယ်။ ကျန်းမာရေး အခြေအနေမကောင်းဘူးပေ့ါလေ။ ကျနော်နားလည်ထားတယ်။ သိထားတယ်။ ပြီးတဲ့အခါကျ ကျနော့် ညီမက သွေးတိုးရှိတယ်။ နှလုံး ရောဂါရှိတယ်။ ဆိုတဲ့အခါကျတော့ သူတို့ရဲ့ ကျန်းမာရေးအခြေအနေက စိုးရိမ်ရပါတယ်။”

ဘာဖြစ်လို့ အဲလောက်ကြီးအထိ တမိသားစုလုံး ဝင်ပြီးတော့ ဖမ်းရလောက်အောင် ဘယ်လိုအကြောင်းတွေ ရှိနိုင်လို့ အဲလောက်ကြီး သူတို့ဖက်က လုပ်တယ်လို့ ကိုညီညီ ယူဆလဲခင်ဗျ။

“ကျနော်မြင်တယ်။ တိုင်းပြည်ကို ဖြေရှင်းပေးမယ်ဆိုတဲ့ လူတွေရော၊ ဘေးက ဖြေရှင်းသင့်တယ်ဆိုတဲ့ အမှန်တရားပေါ်မှာ ရပ်တည်တဲ့ ပတ်ဝန်းကျင် တခုလုံးကို စိုးရိမ်ထိတ်လန့် ကြောက်ရွံ့သွားအောင် အကြောက်တရားဖြစ်သွားအောင် သူတို့တွေက ဖန်တီးပြနေတယ်လို့ ကျနော်ကတော့ မြင်တယ်။”

“မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်”

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

ဆိုလိုတာက တိုင်းပြည် ငြိမ်းချမ်းရေးအတွက် (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေဆို အမြဲတမ်းပြောခဲ့တယ်ပေ့ါ။ တိုင်းပြည် ငြိမ်းချမ်းရေးအတွက် အခုဆိုလဲ ကိုဌေးကြွယ်နဲ့ ပတ်သက်တဲ့ ကိုဌေးကြွယ်နဲ့ သိတဲ့သူ မှန်သမျှ အဖမ်းခံရမယ်ဆိုတဲ့ အနေအထားမျိုးကို ဆိုလိုချင်တာလား ခင်ဗျ။

"ဟုတ်တယ်ခင်ဗျ။ သူနဲ့ ပတ်သက်တဲ့ သူနဲ့ နီးစပ်တဲ့ အသိုင်းအဝိုင်းတခုလုံး အဖမ်းခံနိုင်တဲ့ အနေအထားမျိုးလို့ ကျနော်ကတော့ ယူဆမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတယောက်ပဲ လွတ်ပြီးကျန်ခဲ့တဲ့ အချိန်မှာ ရှင်းရှင်းပြောရရင် ရဟန်းသံဃာတွေရဲ့ ဆန္ဒထုတ်ဖော်မှုတွေရှိတယ်။ ပြည်သူတွေရဲ့ ဆန္ဒထုတ်ဖော်မှုတွေ ဖြစ်တယ်။ ဒီအပိုင်းမှာ သူတို့တွေက သဲကြီးမဲကြီးပဲ ကိုဌေးကြွယ်နဲ့ ပတ်သက်နေတဲ့ အသိုင်းအဝိုင်း တခုလုံးကို ဖမ်းဆီးရင် မြန်မာနိုင်ငံရဲ့ ဆန္ဒထုတ်ဖော်မှုတွေ ရပ်တန့်သွားမယ်ဆိုပြီးတော့ ယုံကြည်ပြီးတော့ လုပ်နေတဲ့ ပုံစံမျိုးလို့ပဲ ကျနော်ကတော့ ထင်ပါတယ်။"

ဟုတ်ကဲ့ နောက် ကျနော်တို့သိသလောက်ဆိုရင် ဟိုတနေ့ နိုင်ငံရေးအကျဉ်းသား ကိုဘိုဘိုရဲ့ မိခင်ကို ဖမ်းတယ်။ ရိုက်နှက် နောက်ဆုံး ခေါင်းကွဲသွားတယ်တောင် ကျနော်တို့ ကြားတယ်ပေ့ါလေ။ ကိုညီညီရဲ့ မိခင်နဲ့ ညီမတွေအတွက်ရော ဘယ်လောက်လောက်အထိ စိုးရိမ်မိနေလဲခင်ဗျ။ နောက်အမျိုးသမီးတွေလဲ ဖြစ်နေတဲ့ အခါကျတော့လေ။

"ဟုတ်ကဲ့ ကျနော့် အနေနဲ့ စိုးရိမ်ပူပန်မှုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျန်းမာရေးအကြောင်းအချက်တခုရယ်။ နောက်ပြီးတော့ သူတို့တွေ ဘယ်ပြည်သူကိုပဲ ဖမ်းဖမ်း၊ ဘယ်နိုင်ငံသားကိုပဲ ဖမ်းဖမ်း၊ သူတို့လိုချင်တဲ့ အတိုင်းအတာမဖြစ်ဖြစ်အောင် မေးမြန်းတယ်။ အတင်းအဓမ္မ ဆိုင်းထိုးခိုင်းတယ်ဆိုတဲ့အတွက်ကြောင့် ကျနော်စိုးရိမ်တယ်။ ရှင်းရှင်းပြောရရင် ဒီလို အခြေအနေမျိုးတွေလဲ ဖြစ်နေလိမ့်မယ်လို့ ကျနော်ထင်ပါတယ်။"

နောက်တခုက နအဖ သတင်းစာတွေ ကိုဌေးကြွယ်အဖမ်းမခံရခင်၊ ကိုမင်းကိုနိုင်တို့ ကိုမင်းဇေယျာတို့အဖမ်းခံတဲ့ အချိန်တုန်းက သူတို့ သတင်းထုတ်ပြန်တဲ့အထဲမှာ ကိုညီညီ့ နာမည်ပါတယ်ပေ့ါလေ။ အဲဒီအပြောနဲ့ ဖမ်းတာရော ဖြစ်နိုင်လားခင်ဗျ။ အဲဒီဟာကို ကိုညီညီ ဘယ်လိုမျိုးတုန့်ပြန်ချင်လဲ ခင်ဗျ။

"နအဖကတော့ဗျာ သူတို့ရဲ့ စွပ်စွဲချက်တွေက အာဏာရှင်စတင်အုပ်ချုပ်တဲ့ အချိန်ကတည်းက ယခုတိုင် သူတို့မလိုလားတဲ့ စွပ်စွဲချက်တွေ၊ သူတို့မလိုချင်တဲ့ ပုဂ္ဂိုလ်တွေ သူတို့စွပ်စွဲချက် မျိုးစုံစွပ်စွဲတယ်။ ကျနော် အဲဒီမှာ ထင်သာမြင်သာဖြစ်နေတဲ့ စွပ်စွဲချက်တခုကို ပြောချင်ပါတယ်။ ကိုဌေးကြွယ်ဆိုလဲ သူတို့စွပ်စွဲထားတယ်။ သံရုံးထဲက အကာအကွယ်ပေးပြီးတော့ နေနေတယ်ဆိုတဲ့ အချိန်မှာတင်ပဲ သူတို့ အခုလက်ဝယ်ရပြီးတော့ ဖမ်းဆီးမိသွားတယ်။ အဲတော့ ဒါဟာ သက်သေပါပဲ။ သူတို့ စွပ်စွဲချက်တွေဆိုတာ ရှင်းပါတယ်။"

ဟုတ်ကဲ့ ခင်ဗျ။ အခု ဘယ်လိုပဲပြောပြော ကိုညီညီ သူငယ်ချင်းတွေလဲ အဖမ်းခံပြီ။ နောက်တမိသားစုလုံးနီးပါး အဖမ်းခံရပြီဆိုတော့ ကိုညီညီသာ တကယ်လို့ စစ်အစိုးရနဲ့ တွေ့ခွင့်ရမယ်။ ပြောခွင့်ရမယ်ဆို သူတို့ကို ကိုညီညီ ဘာပြောဖြစ်မလဲခင်ဗျ။

"ကျနော်သူတို့ကို ပြောချင်တာက ဖမ်းဆီးလို့ ဒီလို နိုင်ငံရဲ့ အခုဖြစ်ပေါ်နေတဲ့ ပြဿနာတွေပေ့ါနော်။ နိုင်ငံရဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရမဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်တဲ့ ကိစ္စတွေမှာ ဒီလို ဖမ်းဆီးပြီးတော့ လုပ်နေလို့ မပြီးဘူးဆိုတဲ့ အနေအထားကို ကျနော် ပြောပြချင်ပါတယ်။"

ဟုတ်ကဲ့ ဒီတဖက်မှာ ကျနော်တို့ သိသလောက် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးမယ်။ ဆက်သွယ်ရေးအရာရှိခန့်တယ်။ နောက်နိုင်ငံတကာကိုလဲ တွေ့ဆုံဆွေးနွေးရေးလုပ်မယ်လို့လဲ သူတို့လေသံပစ်တာ ရှိတယ်ပေ့ါလေ။ တဖက်မှာလဲ အခုဆိုရင် ဖမ်းတာတွေအများကြီးကြားထဲမှာ အဖမ်းခံရတဲ့ မိသားစုအများဆုံးက ကိုညီညီမိသားစု ဖြစ်တဲ့အခါကျတော့ အဲဒီအခြေအနေရော ဘယ်လို ပြောချင်လဲ ခင်ဗျ။

"နအဖက အချိန်ဆွဲဖို့အတွက်ကို တွေ့ဆုံဆွေးနွေးရေး အကြောင်းပြချက်တခုပဲလို့ ကျနော်မြင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ (၂၀၀၁) ခုနှစ်တုန်းကလဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးရေးတွေ လုပ်နေတယ်လို့ ဒါကိုမိုးအေးတို့လဲ ကြားခဲ့မှာပဲ။ ရှိလဲ ရှိခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံး အချိန်ရောက်ပြီဆိုရင် အာဏာရှင်ဟာ သူမလိုချင်တော့ဘူးဆိုလို့ရှိရင် အကုန်လုံးကို ပယ်ဖျက်လိုက်လို့ရပါတယ်။ အဲဒီအတွက်ကြောင့် ဒီအချိန်မှာလဲ နိုင်ငံတကာဖိအားရှိနေတဲ့အတွက်ကြောင့် ဟန်ပြအနေနဲ့ အချိန်ဆွဲဖို့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ ပုံစံတခုကို သူတို့ တည်ဆောက်ပေးထားတယ်။ ဒါပေမဲ့လို့ တဖက်မှာလဲ တကယ့်အဖြေမှန်ရှာချင်တဲ့ လူငယ်အင်အားစု နိုင်ငံသားတွေ အားလုံးဖိနှိပ်ဖို့အတွက် သူတို့ ကြိုးစားနေတယ်။ ဖိလဲ ဖိနှိပ်နေတယ်။ ဖမ်းဆီးတယ် ရဟန်းသံဃာကိုတောင်မချန်ဘူး သူတို့ လုပ်နေတယ်။ ဒီလိုပဲ ကျနော်မြင်ပါတယ်။ သူတို့က တဖက်မှာတော့ ဟန်ပြလုပ်ထားတယ်။ ဒါ အချိန်ဆွဲဖို့ပါပဲ။"

ဟုတ်ကဲ့ ခင်ဗျ ကိုညီညီအနေနဲ့ပေ့ါလေ။ ပုဂ္ဂိုလ်ရေးအရရော စိတ်ထဲမှာ အမေရော ညီမတွေရော အဒေါ်တွေရော အကုန်အဖမ်းခံရတဲ့အပေါ်မှာ စိတ်ထဲမှာပေ့ါလေ။ ဘယ်လိုဖြစ်မိလဲ ထားပါတော့ နောင်တရမိတာမျိုး တမိသားစုလုံးအဖမ်းခံရတဲ့အတွက်။

"ကျနော်က မှားခဲ့တယ်လို့ မမြင်တဲ့အပြင် ကျနော့် မိသားစု တစုလုံးကို ဖမ်းလိုက်တဲ့အချိန်မှာ ကျနော်တို့ နိုင်ငံသားတွေဟာ၊ ကျနော်တို့လူငယ်မျိုးဆက်တွေဟာ ဒီထက်ပိုပြီး ကျနော်တို့ စွမ်းဆောင်ကြိုးနေတာတွေကို ဒီထက်ပိုပြီး ကြိုးစားရမယ်။ ဒီထက်ပိုပြီး စွမ်းဆောင်ရမယ်လို့ပဲ ဆုံးဖြတ်မိပါတယ်။ ဒီလို ဖြစ်သွားတဲ့အခြေအနေကို ကျနော်တို့ တိုင်းပြည်မှာ ရှိနေတဲ့ ရဟန်းသံဃာတွေ ဘာသာတရားကို စောင့်ရှောက်ဖို့ ဘာသာတရားကို ထိန်းသိမ်းဖို့ တာဝန်ယူထားတဲ့ ရဟန်းသံဃာတွေကိုတောင်မှ ညှဉ်းပန်းဖမ်းဆီး နှိပ်စက်သတ်ဖြတ်နေတဲ့အတွက်ကြောင့် ကျနော်တို့က ဒီထက်ဘာမှ ပြောနေလို့ မရတော့ပါဘူး။ ကျနော်တို့ဆို ကျနော့်အမေပါတယ်။ ကျနော့် မိသားစု ညီ၊ ညီမတွေပါတယ်။ အဒေါ်တွေ ပါသွားတယ်ပေ့ါ။ ဒီလိုပဲ ကျနော့် သူငယ်ချင်းအပေါင်းအသင်းတွေ ပါသွားတယ်။ ဒီလိုပဲ တိုင်းပြည်မှာ အခြားသော မိသားစုဝင်တွေရော နိုင်ငံသားတွေရော ကျနော့် လိုမျိုးပဲ တန်းတူ ကျနော့်ထက်ပိုတဲ့ ဖိနှိပ်မှုတွေကို ခံစားနေကြရတာပါပဲ။ ဒါပေမဲ့လဲ ကျနော်တို့တွေက ဒါကို စိတ်ဓာတ်ကျစရာလဲ မလိုဘူး။ ဒီ့ထက် ပိုပြီး ကျနော်တို့ ကြိုးစားသွားမယ်။ ဒီ့ထက်ပိုပြီး စွမ်းဆောင်သွားရင် ကျနော်တို့လိုချင်တဲ့ တိုင်းပြည် ကျနော်တို့ ဖန်တီးချင်တဲ့ အနာဂတ်ကို ကျနော်တို့ ဖန်တီးလို့ ရမယ်လို့ ယုံကြည်ပါတယ်။"

ဒါကတော့ မနေ့ မနက်အစောပိုင်းက ဖမ်းဆီးခံခဲ့ရတဲ့ ဒေါ်စမ်းစမ်းတင်ရဲ့သား (၈၈) မျိုးဆက်ကျောင်းသား ကိုညီညီနဲ့ ဆက်သွယ်မေးမြန်းချက် ဖြစ်ပါတယ်။ ကိုညီညီဟာ (၁၉၈၈)မတ်လ ကျောင်းသားလှုပ်ရှားမှုကတည်းက ပါဝင်ခဲ့တဲ့ ကျောင်းသားတဦးဖြစ်ပြီး စက်တင်ဘာ (၁၈) စစ်တပ် အာဏာ



သိမ်းချိန်မှာ ထိုင်း– မြန်မာနယ်စပ်ကို တောခိုလာခဲ့သူပါ။

အဲဒီနောက် အမေရိကန်မှာ နေထိုင်ပြီး ပညာသင်ကြားနေတဲ့ မျိုးဆက်သစ်ကျောင်းသားတဦးဖြစ်ပါတယ်။ မိခင် ဒေါ်စမ်းစမ်းတင်ဆိုရင်လဲ သားဖြစ်သူတွေနဲ့ ပတ်သက်လို့ အကြိမ်ကြိမ် ဖမ်းဆီးခံရသူ တဦးဖြစ်ပြီး ဒီတကြိမ်ဟာ (၈)ကြိမ်မြောက်ဖြစ်လဲဖြစ်ပါတယ်။ ■

---

## တနိုင်ငံလုံးမှာ အဖမ်းခံရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင် [၂၇၆]ဦးရှိ

*အာအက်ဖ်အေ၊ ၂၀ အောက်တိုဘာလ၊ ၂၀၀၇*

ရန်ကုန်မြို့ NLD ဗဟိုဌာနချုပ်တွင် နိုင်ငံရေး အခမ်းအနား တခု ပြုလုပ်နေပုံ ဖြစ်ပါတယ်။

ထောင်ဒါဏ် အပြစ်ပေးခံထားတဲ့ NLD ပါတီဝင်တွေ အများအပြားရှိတဲ့ကြားက အသက်အရွယ်ကြီးရင့်သူတချို့ကို ပြန်လွှတ်ပေးလိုက်တယ်ဆိုတဲ့ သတင်းတွေ မနေ့က သောကြာနေ့မှာ ကြားရပါတယ်။ ပြန်လွှတ် ပေးလိုက်သူတွေဟာ ရခိုင်ပြည်နယ်က ပါတီဝင်တွေဖြစ်ပါတယ်။

ထောင်ဒါဏ် (၅)နှစ် အပြစ်ဒါဏ်ချခံထားတဲ့ ဦးစိန်ကျော် (၈၂)နှစ်ကို လွှတ်ပေးလိုက်တာပါ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး NLD ပြောခွင့်ရ ဦးဉာဏ်ဝင်းကို ဦးတင်အောင်ခိုင်က မေးမြန်းခဲ့ပါတယ်။

ဦးဉာဏ်ဝင်း။ ။ တောင်ကုတ်က ဦးစိန်ကျော်သူ လွှတ်တယ်လို့ကြားတယ်။ ကျန်နေတဲ့ထဲမှာ ဦးကျော်ခိုင်သူ ကလွှတ်တော်ကိုယ်စားလှယ်ပါ (၈၀)ကျော်နေပြီ။ အဲဒါကို ဦးကျော်ခိုင်တော့ မလွှတ်သေးဘူး။ နောက်တခုက ဦးကျော်ခိုင်နဲ့ပတ်သက်ပြီးတော့ ကျနော်ကိုယ်တိုင်သိတာ ဦးကျော်ခိုင်က ရန်ကုန်မှာလာပြီးတော့ ဆေးရုံတက်တာ ဒီလိုတောင်ကုတ်မှာ ဖြစ်ပျက်နေတဲ့အချိန် သိသလောက် ဦးကျော်ခိုင် ရန်ကုန်မှာပဲရှိတယ်။ ရန်ကုန်ကနေ ပြန်ရောက်ရောက်ခြင်း ဖမ်းဆီးခံရတယ်။ အခုထိ ကျနော်တို့ ထောင်ချလိုက်တယ်လို့ သတင်းရနေတယ်။ အဲတော့ အသက်အရွယ်လည်း ကြီးပြီ။ အခြေအနေအဲဒီလိုတော့ရှိတယ်။ ဒါကတခုပေါ့ နောက်တခုက ကျနော်တို့ ဗန်းမော်မှာ ကျနော်တို့ဆရာ ဗန်းမော်ညိုန္တဲ့ရယ်၊ ဦးဇော်သင်းရယ်၊ နောက်တယောက်ရယ်၊ သုံးယောက်တစ်နေ့ ကလွှတ်တယ်လို့ ကျနော်တို့ဆီအကြောင်းကြားပါတယ်။ သူတို့ထဲမှာတော့ ဦးဘမြင့်ဆိုတာ တစ်ယောက်ကျန် နေသေးတယ်။ ဦးဉာဏ်ဝင်းပြောပြသွားတာပါ။

ဂွမြို့က အဖမ်းခံနေရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဟာ ထောင်ဒဏ်(၇)နှစ်ခွဲ အပြစ်ပေးခံရသူဖြစ်ပါတယ်။ အသက်ကလည်း (၈၅) နှစ်ရှိပြီး ကျန်းမာရေးလည်းမကောင်းသူမို့ မိသားစုကလည်း တော်တော် လေးကို စိတ်ပူနေတယ်လို့ဆိုပါတယ်။ အခုလို ဖမ်းထားတဲ့ NLD ပါတီဝင် တချို့ကို ပြန်လွှတ်ပေးတာမျိုးရှိပေမဲ့ ဆက်ပြီးဖမ်းဆီးမှုတွေကော ရှိနေဆဲပါပဲ။

NLDပါတီက မနေ့က ထုတ်ပြန်ချက်အရ တနိုင်ငံလုံးမှာ အဖမ်းခံရသူ ပါတီဝင် (၂၇၆) ဦးရှိတယ်လို့သိရပါတယ်။ ဒါအပြင့် အဖမ်းခံရသူတွေထဲက တချို့ကို နှစ်ရှည်ထောင်ဒဏ်တွေချလိုက်သလိုပဲ တချို့ကိုတော့ အပြစ်ဒဏ်လည်း ချမှတ်ခြင်းမရှိပဲ ဘယ်မှာဖမ်းဆီးထိန်းသိမ်းထားတယ်ဆိုတာကိုလည်း မိသားစုဝင်တွေကို ဆက်သွယ်ပြောဆိုခြင်း မရှိပါဘူး။ မိတ္ထီလာမြို့က အဖမ်းခံရသူ မြို့နယ် NLD အတွင်းရေးမှူး ဒေါ် မြင့်မြင့်အေးရဲ့ မိသားစုဝင် တဦးက အခုလိုပြောပြပါတယ်။

သမီးတို့ကို ဘာအကြောင်းမှ မပြောသေးဘူး။ ဦးတင်ဘိုကော၊ အန်တီညိုကော တနေ့ထဲဘဲဖမ်းတာ။ အဲဒါမသိဘူး ဒါပေမဲ့ ဟိုဖက်နေ့ကတော့ ခြင်ထောင်ရယ်၊ အင်္ကျီရယ်ပေါ့နော် အဲဒီဝတ်စုံတွေရယ် ပေးလိုက်ပါဦးလို့ ရဝတလူကြီးက လာတောင်းသွားတယ်။ ဘယ်မှာ ထားတယ်ဆိုတာတော့ မပြောသွားဘူး။ NLD ပါတီဝင်တွေကိုလည်း (၈၈)မျိုးဆက်ကျောင်းသားတွေကိုလည်း ဆက်ပြီးဖမ်းဆီးနေဆဲ ရှိပါတယ်။ အလားတူဆန္ဒပြပွဲနဲ့ ပတ်သက်တဲ့ သံဃာတော်တွေကိုလည်း အာဏာပိုင်တွေက လိုက်လံရှာဖွေဖမ်းဆီးနေပါတယ်။

ဖမ်းထားသူတွေနဲ့ပတ်သက်ပြီး မိသားစုဝင်တွေကို ဘာမှအသိမပေးတာကြောင့် အဖမ်းခံရသူမိသားစုဝင်တချို့က ရန်ကုန် ICRC ကမ္ဘာ့ကြက်ခြေနီအဖွဲ့ရုံးကို အကြောင်းကြားတိုင်ကြား ထားတာရှိပါတယ်။ ဒါပေမဲ့ ICRC အနေနဲ့လည်း လက်ရှိအခြေအနေမှာ အကျဉ်းသားတွေကို တွေ့ဆုံခွင့်မရတာမို့ အာဏာပိုင်တွေကိုသာ အဖမ်းခံရသူတွေနဲ့ တွေ့ဆုံခွင့်ပေးဖို့ ပန်ကြားထားတယ်လို့ စုံစမ်းသိရှိရပါတယ်ခင်ဗျ။■

---

## ညမထွက်ရအမိန့် မြန်မာစစ်အစိုးရ ပြန်ရုတ်သိမ်း၊ ပုံမှန်အခြေအနေ ပြန်ရောက်ဟုတော့ မဆိုနိုင်သေး

*ဗွီအိုအေ၊ ၂၁ အောက်တိုဘာလ၊ ၂၀၀၇*

မြန်မာနိုင်ငံက ဆန္ဒပြပွဲတွေကို မြန်မာစစ်အစိုးရက သွေးထွက်သံယိုနှိမ်နင်းခဲ့ပြီးတဲ့နောက် နေဝင်မီးငြိမ်းအမိန့်တွေ ထုတ်ပြန်လိုက်သလို လူစုလူဝေးတွေ မပြုလုပ်ဖို့ တားမြစ်ထားတဲ့ အမိန့်တွေကို ပြန်လည်ရုပ်သိမ်းလိုက်ပေမယ့် ဒါတွေဟာ ပုံမှန်အခြေအနေကို ပြန်ရောက်ပြီလို့ မဆိုနိုင်တဲ့အကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်ကမနေ့က ပြောဆိုလိုက်ပါတယ်။ ဒီအကြောင်း အပြည့်အစုံကို ကိုအောင်လွင်ဦးက တင်ပြထားပါတယ်။

မြန်မာစစ်အစိုးရက ညမထွက်ရ အမိန့်တွေ၊ လူ (၅) ယောက်ထက် ပိုမစုဝေးရဘူးဆိုပြီး အမိန့်ထုတ်ပြန်ထားတာတွေကို လျော့ပေါ့ လိုက်တဲ့အကြောင်း အာဏာပိုင်တွေက ရန်ကုန်မြို့မှာ အသံချဲ့စက်တွေနဲ့ လိုက်လံအကြောင်းကြားခဲ့တာပါ။

ဒီလို ကန့်သတ်မှုတွေ လျော့ပေါ့ပေးလိုက်တယ်ဆိုပေမယ့်လည်း ဒါတွေဟာ ပုံမှန်အခြေအနေကို ပြန်ရောက်တယ်လို့ မပြောနိုင်ဘူးလို့ အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ မစ္စ ဒါနာပဲရီးနိုး (Dana Perino)က မနေ့ကပြောဆိုလိုက်တာပါ။ ဒါဟာ ဆိုရင် သမ္မတဘွတ်ရှ်က မြန်မာစစ်အစိုးရ လုပ်ပုံကိုင်ပုံတွေအပေါ် ဝေဖန်ပြောဆိုခဲ့အပြီးနောက်တစ်နေ့မှာ အခုလို အိမ်ဖြူတော်က ပြောဆိုလိုက်တာလည်း ဖြစ်ပါတယ်။

"မြန်မာစစ်အစိုးရအနေနဲ့ လုပ်ရိုးလုပ်စဉ်ထုံးစံအတိုင်း ဆက်လုပ်နေတာတွေဟာ လက်ခံနိုင်ဖွယ်ရာမရှိပါဘူး။ ဒီအတွက်ကြောင့်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာစစ်အစိုးရအပေါ် ဝိုင်းဝန်းဖိအားပေးနိုင်ဖို့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။"

ဒ့ါအပြင် အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ မစ္စ ဒါနာပဲရီးနိုးက အခုကန့်သတ်မှုတွေကို လျော့ပေါ့လိုက်တယ်ဆိုတာဟာ အတိုက်အခံ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ဖိနှိပ်ချေမှုန်းထားနိုင်လို့သာ ဒီလိုကြေညာ နိုင်တာဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ် သက်ရောက်နေတယ်လို့လည်း ပြောခဲ့ပါ သေးတယ်။ အမေရိကန်ပြည်ထောင်စု အခြေစိုက် မြန်မာ့အရေးလှုပ်ရှားနေတဲ့ US Campaign for Burmaရဲ့ မူဝါဒရေးရာ ဒါရိုက်တာ ဦးအောင်ဒင်ကတော့ –

"ကန့်သတ်ချက်တွေကတော့ လျော့လေလျော့လေ ကောင်းလေကောင်းလေ ပေါ့လေ။ ဘာကန့်သတ်ချက်မှ မရှိရင်တော့ အကောင်းဆုံးပေါ့။ သူတို့အနေနဲ့ အခုဆိုလိုရှိရင် ရက်စက်ကြမ်းကြုတ်မှုတွေကို အကြီးအကျယ်ခံစားထားရတယ်။ ဒီအချိန်မှာ သူတို့အနေနဲ့ ဖိနှိပ်မှုတွေ၊ ပိတ်ဆို့ဟန့်တားမှုတွေကို အကုန်လုံး ရုတ်သိမ်းသွားမယ်ဆိုရင် သူတို့အတွက် အကောင်းဆုံးပါပဲ။ အခုဆိုလို့ရှိရင် သူတို့အတွက် ကျဆုံးသွားတဲ့ မိသားစုဝင်တွေကို သူတို့လိုက်လံရှာဖွေရမယ်၊ ဒဏ်ရာရရှိနေတဲ့သူတွေရဲ့ သူငယ်ချင်းတွေ ရဲဘော်ရဲ

ဘက်တွေကို ဆေးဝါးကုသမှု ပေးရမယ်။ အကျဉ်းထောင်ထဲရောက်နေတဲ့ မိသားစုဝင်တွေကိုလိုက်လံရှာဖွေပြီးတော့ သူတို့လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရမယ်။ ဒီ ကန့်သတ်ချုပ်ချယ်မှုတွေဆိုတာ နဂိုကတည်းက မရှိသင့်ခဲ့တာပဲ။ အစကတည်းက ဒီ ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုတဲ့သူတွေကို ဒီစေ့စပ်ဆွေးနွေးညှိနှိုင်းအဖြေရှာလို့ရှိရင် ရရဲ့သားနဲ့၊ အဲဒီလို စေ့စပ်ဆွေးနွေးခြင်းမရှိဘဲနဲ့ အကြမ်းဖက်ဖြေရှင်းခဲ့တာကိုက နအဖရဲ့ ကြီးမားတဲ့ပြစ်မှုကြီးတစ်ရပ်ပါပဲ။ ဆိုတော့ အခုချိန်မှာ ညမထွက်ရအမိန့်ကိုရုတ်သိမ်းတယ်၊ ဒါဟာ ကောင်းတဲ့အချက်တစ်ခုဖြစ်ပေမယ့် မလုံလောက်သေးဘူး။ ဒီထက်မက သူတို့အနေနဲ့ ဖိနှိပ်မှုတွေ ချုပ်ချယ်မှုတွေ အကုန်လုံးကို ရုတ်သိမ်းပေးဖို့ လိုပါတယ်။ ဖမ်းဆီးမှုတွေကို ရပ်တန့်ဖို့လိုပါတယ်။ ဖမ်းဆီးထားသူတွေကိုလည်း လူသားချင်းစာနာထောက်ထားတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ အပြည့်အဝပေးဖို့လိုပါတယ်။ ပြီးတော့ ဖမ်းဆီးထားသူတွေကိုလည်း ချက်ချင်းကို ပြန်လွှတ်ပေးဖို့လိုပါတယ်။"

ဒ့ါအပြင် စောစောပိုင်း သမ္မတ ဘွတ်ရှ်ရဲ့ ပြောဆိုချက်ထဲမှာဆိုရင် မြန်မာစစ်အစိုးရအနေနဲ့ အခုအချိန်အထိနိုင်ငံတကာက တိုက်တွန်းထားတာတွေကို လျစ်လျူရှုနေဆဲပဲလို့လည်း ပြောဆိုထားခဲ့တာပါ။

"မြန်မာစစ်အစိုးရအနေနဲ့ ရက်ရက်စက်စက် အပြစ်ပေး အရေးယူနေတာတွေကို ရပ်တန့်ဖို့ ကမ္ဘာက ပိုင်းဝန်းတောင်းဆိုနေတာကို စစ်အစိုးရက အံတုနေပါတယ်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ငြိမ်းချမ်းစွာ ဆွေးနွေးပြောဆိုမှုတွေ စတင်ဖို့ကိုလည်း ဆက်လက် လျစ်လျူရှုနေဆဲပါ။"

မြန်မာစစ်အစိုးရက နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအတွက် ကြိုးပမ်းတာမျိုးမရှိတဲ့အပြင် ဒီမိုကရေစီရေးငြိမ်းချမ်းစွာ ကြိုးပမ်းသူတွေကို ဖိနှိပ်မှုတွေ ရှိနေတယ်လို့လည်း ဦးအောင်ဒင် ကဆိုပါတယ်။

"ဖမ်းဆီးမှုတွေက ဆက်ပြီးတော့ ရှိနေသေးတယ်။ ဖမ်းဆီးမှုတွေက ဆက်ပြီးရှိနေတဲ့အပြင် အခုဆို ပိုဆိုးတာကတော့ သူတို့ ရည်ရွယ်ထားတဲ့သူကို ဖမ်းမမိတဲ့အခါမှာ မိသားစုဝင်တွေကို ဖမ်းဆီးပြီးတော့ ပြန်ပေးဆွဲသလိုမျိုး လုပ်တာတွေလည်းကြားသိနေရတယ်။ နောက်တစ်ခါ ဖမ်းထားပြီးသား ပုဂ္ဂိုလ်တွေကိုလည်း အကျဉ်းစစ် တရားရုံးတွေကနေပြီးတော့ ပြစ်ဒဏ်ခတ် စီရင်ချက်တွေ ချမှတ်နေတာလည်း ကျနော်တို့ကြား သိနေရတယ်။ နောက် ဘုန်းကြီး ကျောင်းတွေမှာလည်း အခုချိန်အထိ ပိုက်စိပ်တိုက်လိုက်ပြီးတော့ သံဃာ့တပ် ပေါင်းစုက ခေါင်းဆောင် ဆရာတော်တွေကို လိုက်လံဖမ်းဆီးနေကြတာတွေလည်း ရှိတယ်။ တစ်ဖက်ကလည်း ဒီ တွေ့ဆုံဆွေးနွေးရေးအတွက် ဘာမှထူးခြားတဲ့ တိုးတက်မှုတွေမရှိဘူး။ အရင်အတိုင်းပဲ မသိချင်ယောင်ဆောင်ပြီး တော့ ကိုယ်လုပ်ချင်ရာလုပ်နေတဲ့ အတိုင်းအတာတွေ ရှိတယ်လေ။"

မြန်မာစစ်အစိုးရဖက်ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံ ဆွေးနွေးရေးအတွက် ဆက်ဆံရေးဝန်ကြီးတစ်ဦး မကြာသေးခင်က ခန့်အပ်ခဲ့ ပေမယ့်လည်း နှစ်ဖက်အကြား တွေ့ဆုံမှုတွေတော့ မရှိသေးပါဘူး။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူကတော့ စစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဖို့အတွက် တကယ်ပဲအလေးအနက်ထားတယ်ဆိုရင် မြန်မာ့အရေး ကြားဝင်ကြိုးပမ်းနေတဲ့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ကို မြန်မာနိုင်ငံကို အမြန်ဆုံး ပြန်လာခွင့် ဘာကြောင့်မပေး နိုင်ရတာလဲ၊ ဖမ်းဆီးခံထားရသူတွေကို အကူအညီ ပေးနိုင်ဖို့ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ အိုင်စီအာစီကို ဘာကြောင့် ဝင်ခွင့်မပေးနိုင်ရတာလဲ ဆိုပြီးတော့လည်း မေးခွန်းထုတ်ခဲ့ပါသေးတယ်။■

# စက်ာပူနဲ့ အဆက်အသွယ်ရှိတဲ့ ကုမ္ပဏီ(၃)ခု နောက်ဆုံး အရေးယူမှုမှာပါဝင်

*အာအက်ဖ်အေ၊ ၂၀ အောက်တိုဘာလ၊ ၂၀၀၇*

နအဖ ဥက္ကဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လက်ရင်း လူယုံ ဖြစ်သော ဦးတေဇသည်လက်နက် အရောင်းအဝယ်၊ ကန်ထရိုက်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းစသည်တို့ဖြင့် မြန်မာနိုင်ငံတွင် အထင်ရှားဆုံး လုပ်ငန်းရှင်တဦး ဖြစ်ပါတယ်။

မြန်မာ စစ်အစိုးရအပေါ် အမေရိကန်ပြည်ထောင်စုရဲ့ အသစ်ချမှတ်လိုက်တဲ့ စီးပွားရေးပိတ်ဆို့မှုအရ နာမည်ပျက်စာရင်းဝင် စီးပွားရေးလုပ်ငန်း (၇)ခုထဲမှာ စက်ာပူနဲ့ အဆက်အသွယ် အခိုင်အမာရှိတဲ့ ကုမ္ပဏီ (၃)ခု ပါဝင်နေပါတယ်။

အဲ့ဒီကုမ္ပဏီကတော့ **Pavo** ကုမ္ပဏီလီမိတက်၊ **Air Bagan** ကုမ္ပဏီလီမိတက်နဲ့ ထူး ကုမ္ပဏီလီမိတက်တို့ ဖြစ်ကြပါတယ်။

ဒီကုမ္ပဏီတွေဟာ စက်ာပူနိုင်ငံမှာ အခြေစိုက်တာရှိသလို၊ စက်ာပူနဲ့ အခိုင်အမာ ဆက်နွယ်နေတာလဲ ရှိပါတယ်။ ပြီးခဲ့တဲ့သောကြာနေ့က ကြေညာခဲ့တဲ့ အမေရိကန်ပိတ်ဆို့မှုဟာ စစ်အစိုးရနဲ့ပတ်သက်မှုရှိတဲ့ အဖွဲ့အစည်းတွေကို ပစ်မှတ်ထားပြီး ပုံဖေါ်ထားတာဖြစ်ပါတယ်။ သူတို့အနေနဲ့ စစ်အစိုးရကို ဖိအားပေးဘို့ အမေရိကန်က မျှော်လင့်ပါတယ်။

ဘန်ကောက်မြို့မှာရှိတဲ့ လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က မြန်မာနိုင်ငံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာဒေ့ဗ် မသီဆန်က အခုချိန်ဟာ အမေရိကန်ပြည်ထောင်စုက အခုလိုမျိုး တခုခုလုပ်ရမယ့် အချိန်ပါ၊ ဒါဟာ မြန်မာ စစ်အစိုးရရဲ့အကျိုးစီးပွား ထိခိုက်ဘို့ သက်သက်လောက်သာမကပါဘူး၊ စက်ာပူကိုလည်း လှန့်နှိုးလိုက်တာပါလို့ ဆိုပါတယ်။

ပြီးခဲ့တဲ့လက **Air Bagan** ကုမ္ပဏီလီမိတက်က စက်ာပူကို သူ့ရဲ့ ဒုတိယ နိုင်ငံတကာ လေကြောင်းလိုင်းအဖြစ်ပြေးဆွဲခဲ့ပါတယ်။ အမေရိကန် သမ္မတ မစ္စတာဘွတ်ရှ် ကြေညာခဲ့တဲ့ နာမည်ပျက် စာရင်းဝင် လူပုဂ္ဂိုလ် (၁၁) ယောက်စာရင်းသစ်ထဲမှာ **Air Bagam** လေကြောင်းလိုင်းရဲ့ ဥက္ကဌ ဖြစ်သူ ဦးတေဇ ပါဝင်ခြင်းမရှိပါဘူး။ **Air Bagan** ကုမ္ပဏီနဲ့ တခြား နာမည်ပျက်စာရင်းဝင် ကုမ္ပဏီနှစ်ခုဟာ စက်ာပူရဲ့စီးပွားရေး အချက်အခြာ ရပ်ကွက်တခုက အဆောက်အဦးတခုရဲ့ (၂၄)ထပ်မှာ ရုံးခန်းဖွင့် လုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။

ဒါပေမယ့် ဘေးနားနီးချင်း ရုံးခန်းတွေကတော့ ဒီကုမ္ပဏီတွေမှာ လူတွေဝင်ထွက် သွားလာနေတာ တွေ့ရပေမယ့် ဘာလုပ်ငန်းတွေ လုပ်ကိုင်နေမှန်း မသိပါဘူးလို့ ဆိုကြပါတယ်။ **Pavo**ကုမ္ပဏီကို ဖုန်းခေါ်ရင်၊ အီးမေးပို့ရင်လဲ ချက်ခြင်း အကြောင်းပြန်တာမျိုး မရှိဘူးလို့သိရပါတယ်။

**Pavo Trading** ကုမ္ပဏီဟာ ထူးကုမ္ပဏီ အုပ်စုတွေနဲ့ ညီအမကုမ္ပဏီဖြစ်ကြောင်း၊ (၁၉၉၉) ခုနှစ်မှာ စတင်တည်ထောင်ကြောင်း၊ အဲဒီကုမ္ပဏီရဲ့ အင်တာနက် စာမျက်နှာမှာ ဖေါ်ပြထားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး တစုံတရာပြောဆိုနိုင်သူ စက်ာပူအစိုးရ ပြောခွင့်ရပုဂ္ဂိုလ် တစုံတယောက်နဲ့မှ ဆက်သွယ်လို့ မရသေးကြောင်း **AFP** သတင်းက ဖေါ်ပြပါတယ်။■



# နအဖ မီဒီယာများမှ ဖောက်ခွဲရေးပစ္စည်းပိုင်ရှင်အဖြစ် စွပ်စွဲထားသည့် နန်းဦးကျောင်းဆရာတော် ဦးကောဝိဒ ထိုင်း–မြန်မာနယ်စပ်သို့ ရောက်ရှိ

*ဒီဗွီဘီ၊ ၂၀ အောက်တိုဘာလ၊၂၀၀၇*

မြန်မာစစ်အစိုးရဟာ ငြိမ်းချမ်းတဲ့ ဆန္ဒပြပွဲတွေကို ဦးဆောင်ခဲ့တဲ့ သံဃာတော်တွေကို ကြီးလေးတဲ့ ပြစ်ဒဏ်တွေချမှတ်လိုတဲ့အတွက် ဖောက်ခွဲရေးပစ္စည်းတွေ တွေ့တယ် ဆိုပြီး လိမ်ညာဝါဒဖြန့်နေတာဖြစ်တယ်လို့ မနေ့ညပိုင်းကမှ ထိုင်းမြန်မာနယ်စပ်ကို ရောက်ရှိလာတဲ့ ရန်ကုန်တိုင်းမင်္ဂလာတောင်ညွန့်မြို့နယ် နန်းဦးကျောင်းတိုက်က ဦးပဇင်း ဦးကောဝိဒက ပြောဆိုလိုက်ပါတယ်။ ဖောက်ခွဲရေးပစ္စည်းပိုင်ရှင်ဟာ ဦးကောဝိဒဆိုပြီး နအဖပိုင် သတင်းစာတွေက ရေးသားဖော်ပြနေတဲ့အပေါ် အခုလို တုန့်ပြန်လိုက် တာပါ။ သံဃာတော်တွေ ငြိမ်းချမ်းစွာ မေတ္တာပို့ လမ်းလျှောက် ဆန္ဒပြရာမှာ စည်းကမ်းတကျ ဖြစ်ဖို့အတွက် စက်တင်ဘာလ (၁၉) ရက်နေ့က သံဃာအချို့နဲ့ ဖွဲ့စည်းခဲ့တဲ့ သံဃာ့ ကိုယ်စားလှယ်အဖွဲ့ရဲ့ ဥက္ကဋ္ဌ ဖြစ်သူ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် နန်းဦးဘုန်းကြီးကျောင်းမှာ သတင်းသုံး နေထိုင်နေတဲ့ ဦးပဇင်း ဦးကောဝိဒက ထိုင်း–မြန်မာနယ်စပ်ကို ထွက်ခွာလာရတဲ့ အရဓိက အကြောင်းအရင်းကိုတော့ အခုလို စတင်မိန့်ကြားပါတယ်။ "ဦးဇင်းက ဆန္ဒပြတာမှာ ခေါင်းဆောင်လဲ လုပ်ခဲ့တယ်ပေ့ါနော်။ သံဃာ့ကိုယ်စားလှယ်အဖွဲ့ရဲ့ ဥက္ကဋ္ဌပေ့ါ အဲဒါလဲ တချက်ပေ့ါ။ နောက်တခုက ကျောင်းမှာ လက်နက်တွေမိတယ် ခဲယမ်းမီးကျောက်တွေ မိတယ်။ ဦးဇင်းကို ဆန္ဒပြပွဲမှာ ဦးဆောင်တဲ့အတွက်ကြောင့် ထောင်ဒဏ်ကြီးလေးတဲ့အပြစ်ကို ပေးချင်တဲ့အတွက်ကြောင့် ဦးဇင်းကို သူတို့ စွပ်စွဲတာပါ။ နောက်တချက်က ဦးဇင်းနဲ့ ပတ်သက်တဲ့ ဒကာ ဒကာမတွေ အဓိက ကတော့ ဦးဇင်း အမေပေ့ါ။ သူတို့က ဖမ်းခေါ်သွားတယ်။ ဦးဇင်းနဲ့ ပတ်သက်တဲ့သူတွေ အကုန်လုံးကိုဖမ်းခေါ်သွားတဲ့ အတွက်ကြောင့် ဦးဇင်းက ဘယ်လိုမှ နေလို့မရတော့ဘူး။ ဒါကြောင့်မလို ဦးဇင်း ဒီ ထိုင်း–မြန်မာနယ်စပ်ကို ရောက်လာရခြင်းဖြစ်ပါတယ်။"

ဦးဇင်း ဦးကောဝိဒဟာ စက်တင်ဘာလ (၂၇) ရက်နေ့ ကတည်းက ရှောင်တိမ်း ပုန်းအောင်းနေရာတာဖြစ်ပြီး သူ့ကို ဖမ်းဆီးမမိတဲ့အတွက် ရန်ကုန်တိုင်း ဥက္ကံတိုက်နယ်မှာနေထိုင်တဲ့ ရာမစတိုးဆိုင်ပိုင်ရှင် မွေးစားမိခင် ဒါယိကာမ ဒေါ်သင်းသင်းကို ဖမ်းဆီးသွားခဲ့ပြီး သူပိုင်ကားကိုပါ တပါတည်း သိမ်းဆည်းယူဆောင်သွားခဲ့ကြောင်း အခုလို ဆက်လက် မိန့်ကြားပါတယ်။ "ဦးဇင်း မယ်တော်ပေ့ါ။ သူက ဥက္ကံမှာ နေပါတယ်။ နာမည်က ဒေါ်သင်းသင်းလို့ ခေါ်ပါတယ်။ အသက်က (၄၂) နှစ်။ သူက ကျန်မာရေးကလဲ သိပ်မကောင်းဘူး။ အဲဒါကို ဦးဇင်းနဲ့ ပတ်သက်တယ်ဆိုပြီးတော့ ဦးဇင်းကို ဖမ်းမမိတဲ့အတွက် အောက်တိုဘာ (၁၂)ရက်နေ့ ညအချိန် မတော် သုံးနာရီလောက်ကို အိမ်ကို ဝင်စီးပြီးတော့ ခေါ်ဆောင်သွားကြတာပဲ။ သူနဲ့ အတူကတော့ အဲဒီအိမ်မှာ ကားမောင်းတဲ့ ဒရိုင်ဘာပေ့ါ။ နောက်ပြီးတော့ ကား တစီးပါသွားတယ်။ ကားကတော့ (၄က/၄၀၀၀) ပေ့ါ။ တောင်းအက် ကားလေး တစီးလဲ ပါသွားပါတယ်။ အခုအခြေအနေအထိ ဘယ်မှာနေလဲ ဘယ်မှာ ဂုက်ထားလဲ ဆိုတာကို ဦးဇင်းတို့ ဘာမှ မသိရသေးဘူး။ ဒါကြောင့်မလို့ သူအတွက်လဲ တအား စိတ်ပူတယ်။ သူကလဲ ကျန်းမာရေး သိပ်မကောင်းတော့လေ။"

လက်ရှိ နအဖ မီဒီယာတွေကနေ ကြေညာထားတဲ့ ဖောက်ခွဲရေး ပစ္စည်းပိုင်ရှင်ဟာ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်းမှာရှိတဲ့ နန်းဦးဘုန်းကြီး ကျောင်းတိုက်က ဦးဇင်း ဦးကောဝိဒ ဖြစ်တယ်ဆိုတဲ့ အကြောင်းကိုလဲ အခုလို ပြန်လည် မိန့်ကြားပါတယ်။ "ဦးဇင်းတို့မှာ ဘုရားသားတော်များဖြစ်သည့် အားလျော်စွာ မြတ်စွာဘုရားရဲ့ ပရိယတ္တိသာသနာကိုပဲ ထွန်းကားအောင် ကြိုးစားနေကြတာပါ။ အခုလို ဖောက်ခွဲရေးပစ္စည်းတွေတွေ့တယ်။ ဒါတွေဟာ ဦးဇင်းနဲ့ လုံးဝမသက်ဆိုင်ဘာဘူး။ မသက်ဆိုင် ဘူးဆိုတာက သံဃာတပါးအနေနဲ့ ဘုရားသားတော်ဖြစ်သည့် အားလျော်စွာ ပြည်ပနဲ့လဲ မရှိပါဘူး။ မရှိတဲ့အတွက်ကြောင့် ဒီလို ဖောက်ခွဲရေးပစ္စည်း ဆိုတာလဲ ဦးဇင်းအနေနဲ့ ဘယ်လိုမှ မရနိုင်ပါဘူး။ ဟုတ်လဲ မဟုတ်ပါဘူး ဒါတွေက။ ငြိမ်းချမ်းစွာ ဆန္ဒပြတာကို ထောင်တွေချမယ်။ အပြစ်တွေ ပေးမယ်ဆိုရင် ဒါတွေဟာ ပြည်သူလူထုကနေ အာဏာပိုင်တွေကို တမျိုးမြင်မှာစိုးလို့ ဒီလက်နက်မှု ခဲယမ်းမီးကျောက်မှုတွေနဲ့ ကြီးလေးအောင် တမင်လုပ်ဆောင်တယ်လို့ပဲ ထင်ပါတယ်။ ဦးဇင်း သတင်းသုံးတဲ့နေရာကတော့ နန်းဦးကျောင်းပဲလေ။ အခုမိတာက စစ်ကိုင်းတိုင်း ချောင်းဦးမြို့မှာလို့ ပြောတယ်။ ဒါတွေက ဒီလောက် အလှမ်းဝေးတဲ့ နေရာမှာ ဘယ်လိုလုပ် ရနိုင်မလဲ။ ဘယ်လို ပတ်သက်နိုင်မလဲ။" သံဃာတော်တွေဟာ အခုချိန်အထိ ပတ္တနိက္ကုဇ္ဇနကံဆောင်ထားဆဲ ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းက သံဃာတော်တွေအနေနဲ့ သံဃာ့အရေး လက်မနေးကြဖို့ကိုလဲ ဆရာတော် ဦးကောဝိဒကပဲ အခုလို မိန့်ကြားသွားခဲ့ကြောင်းပါ။ "

သံဃာတော်မှာ ဘုရားသားတော် ဖြစ်သည့်အားလျော်စွာ သံဃာတပါးဖြစ်သည့် အားလျော်စွာ ဦးဇင်းကလဲ ဆက်ပြီးကံဆောင်ရမှာပေ့ါ။ သံဃာတော်တွေအပေါ်မှာ တောင်းပန်တယ်ဆိုရင်တော့ ဦးဇင်းတို့က ပတ္တနိက္ကုဇ္ဇနကံကို ရုတ်သိမ်းသင့်ရင် ရုတ်သိမ်းရမှာပဲလေ။ ပတ္တနိက္ကုဇ္ဇနကံကို ဆရာတော်ကြီးတွေအနေနဲ့ ဆောင်ထားကြတယ်။ အဲဒီ ဆောင်ထားတဲ့ ဆရာတော်ကြီးတွေနဲ့ သဘောတူညီမှု ရရှိလို့ရှိရင် ဦးဇင်းတို့လဲ သပိတ်လှန်မှာပေ့ါ။ ဦးဇင်းတို့က ဘာမှာ အာဏာရှင်တွေအပေါ်မှာ ဒေါသ မာန်မာန မထားပါဘူး။ သာသနာနဲ့ ထိခိုက်လာရင်တော့ ဦးဇင်းတို့က လက်မနေးကြပါနဲ့လို့ ဦးဇင်းက တောင်းဆိုလိုပါတယ်။■

## "အသိပေးအပ်ပါသည်"

ကျွန်တော်တို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့်ပြန်ကြားရေးဌာနမှ ထုတ်ဝေဖြန့်ချိလျက်ရှိသော ရွှေခမောက်သတင်းလွှာ (Shwe Khamauk Bulletin)ကို ပြည်တွင်းလူထုတိုက်ပွဲ အရှိန်မြင့်နေစဉ်အတွင်း မြန်မာပြည်သူများအနေဖြင့် အချိန်မီသတင်းရရှိရန် ရည်ရွယ်ထုတ်ဝေခဲ့ရာ ယနေ့ဆိုလျှင် အမှတ်စဉ် (၆၀)အထိ ထုတ်ဝေနိုင်ခဲ့ပါသည်။

မိမိတို့အနေဖြင့် ရွှေခမောက်သတင်း စာစောင်အား နေ့စဉ်ထုတ်ဝေရာမှ တပတ်တခါ ပုံစံဖြင့် ပြောင်းလဲထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ရွှေခမောက်သတင်းလွှာအား ဖတ်ရှုကြသူများ ထပ်ဆင့်ကူးယူ ဖြန့်ချိပေးသူများအား အထူးကျေးဇူးတင်ရှိပါသည်။

ရွှေခမောက် သတင်းလွှာ
ဗဟိုသတင်းနှင့်ပြန်ကြားရေးဌာန

" ဤစာစောင်အား မြန်မာပြည်သူလူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချိသူများအား အထူးကျေးဇူးတင်ပါသည်။ "